## နိုင်ငံသားကျောင်းသားများအတွက် MIGRATION ACCOUNT ဖောင်ပြုလုပ်ခြင်း

MSTU (Stankin) တွင် ပညာသင်ကြားရန် ရောက်ရှိလာသော နိုင်ငံခြားကျောင်းသားများ အားလုံးသည် ၂၄ နာရီအတွင်း ကျောင်း၏ IR ဌာန(အခန်းနံပတ် 0114) သို့သတင်းပို့ပြီး MIGRATION ACCOUNT ပြုလုပ်ရမည်။ အဆောင်မှာနေထိုင်မည့် ကျောင်းသားများ၏ migration registration ကို ကျောင်းမှ တာဝန်ယူ ပြုလုပ်ပေးရသည်။

အဆောင်မှာ မနေထိုင်သော ကျောင်းသားများသည် IR မှ လိုအပ်သော စာရွက်စာတမ်းများ ယူဆောင်ကာ မိမိနေထိုင်မည့်နေရာ၏ သက်ဆိုင်ရာ residence ရုံးများတွင် ပြုလုပ်ရပါမည်။

နိုင်ငံခြားကျောင်းသားများသည် MIGRATION ACCOUNT ကို နယ်စပ်ဖြတ်ကျော်လျှင်သော်လည်းကောင်း နိုင်ငံတွင်း တခြားမြို့များသို့ သွားရောက်ရာမှ ပြန်လာလျှင်သော်လည်းကောင်း မဖြစ်မနေ IR ဌာန သို့ သတင်းပို့၍ update လုပ်ဆောင်ရမည် ဖြစ်သည်။

## MIGRATION ACCOUNT လုပ်ဆောင်ရန် အဆင့်များ

Registration ပြုလုပ်ခြင်း

1. ပတ်စ်ပို့ မူရင်း နှင့် စာမျက်နှာတိုင်းအား scan ဖတ်ထားသော copy စာရွက်များ
2. မူရင်း MIGRATION ကဒ်နှင့် မိတ္တူ (လေယဉ်ပေါ်မှဆင်းဆင်းခြင်းရသောကဒ်)
3. ရုရှားတွင်နေထိုင်ခွင့် စာရွက်မူရင်း
4. အကယ်၍ ကျောင်းသို့မရောက်မီ တခြားနေရာတွင် နေထိုင်ခဲ့ပါက ၎င်း MIGRATION မူရင်း

MIGRATION သည် အဆောင်မှာ နေထိုင်မည်ဆိုပါက ရုရှားနိုင်ငံသို့ဝင်ရောက် Check in ပြုလုပ်ပြီး ၂၄ နာရီအတွင်း လုပ်ဆောင်ရန်လိုအပ်ပါသည်။

ကျောင်းသားများသည် မိမိအစီအစဉ်ဖြင့် တခြားမှာ သွားရောက်နေထိုင်မည်ဆိုပါက ၎င်းနေထိုင်မည့် နေရာတွင် ၇ ရက်အတွင်း ပြုလုပ်ရမည် ဖြစ်သည်။

တခြားနေရာတွင် သွားရောက်နေထိုင်မည့် ကျောင်းသားများအနေဖြင့် လိုအပ်သော စာရွက်စာတမ်းများကို ကျောင်း IR ဌာနမှ လာရောက်ထုတ်ယူရမည် ဖြစ်သည်။ထို့အပြင် ၎င်းကျောင်းသားများသည် MIGRATION ပြုလုပ်ရန် ကိုယ်တိုင်ရေးတောင်းခံလွှာ (заявление) ရေးသားရပါမည်။ MIGRATION အကောင့်အား register ပြုလုပ်ပြီးပါကလည်း ပြုလုပ်ပြီးကြောင်း IR ဌာနသို့ အကြောင်းကြားပြီး ကော်ပီ ပေးခဲ့ရပါမည်။

MIGRATION အကောင့် ပြုလုပ်နေစဉ်အတွင်း နိုင်ငံခြားကျောင်းသားများသည် Federal Law No. 115-FZ အရ နိုင်ငံခြားကျောင်းသား ဖြစ်ကြောင်းနှင့် ပြုလုပ်နေဆဲဖြစ်ကြောင့် ထောက်ခံစာ လုပ်ဆောင်ရပါမည်။

MIGRATION အကောင့် ပြုလုပ်ခြင်း နှင့် ပတ်သတ်၍ မေးခွန်းများကို IR ဌာန၏ ရုံးဖုန်း +7 (499) 973-39-66 သို့ ဆက်သွယ်သည် ဖြစ်စေ၊ လူကိုယ်တိုင် အနေဖြင့် ကျောင်း IR ဌာန အခန်းအမှတ် 0114 သို့ ဗုဒ္ဓဟူး နေ့ ၁၀.၀၀ မှ ၁၆.၃၀ နာရီ အတွင်း လာရောက် မေးမြန်းနိုင်ပါသည်။